**(၃) အသီးပုပ်/မျက်စေ့ပုပ် ရောဂါ (Pineapple eye rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Gibberella sacchari* Summerell & J.F. Leslie (*Fusarium sacchari* (E.J. Butler & Hafiz Khan) W. Gams)**

**ရောဂါလက္ခဏာများ**

ထင်ရှားသောလက္ခဏာမှာ နာနာသီးအခွံရှိ မျက်စိများတွင် ရေစိုနာကဲ့သို့ အကွက်များဖြစ် လာ ပြီး ပျော့ပုပ်လာကာ အညိုရောင်ပြောင်းလဲသွားသည်။ ရောဂါကွက် သည် အခွံအတွင်းအနည်းငယ်နစ်ဝင်၍ ပန်းရောင်မှိုစပိုးများဖြင့် ဖုံးအုပ်ထားသည်။ ပျော့ပုပ်ခြင်းသည် အသီးအလည်အူတိုင်အထိ ပျံ့နှံ့ သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- အထူးသဖြင့် အသီးရင့်ချိန်တွင်ပူနွေးစိုစွတ်သောအခြေအနေများဖြစ်ပေါ်ခြင်း၊ ပန်းပွင့်ပြီးနောက် အအေးပိုင်းကာလများနှင့်ကြုံတွေ့ရသော အခြေအနေသည် ရောဂါဖြစ်ပေါ်မှုကို အားပေးသည်။
- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- အသီးဒါဏ်ရာများမှတစ်ဆင့် ရောဂါဖြစ်စေမှိုများ ဝင်ရောက်ပြီး ရောဂါဖြစ်စေသည်။
- ခြံသန့်ရှင်းရေးနှင့် ပေါင်းရှင်းခြင်းဆောင်ရွက်ရာတွင် အသီးများထိခိုက်မှုမရှိအောင် ဆောင်ရွက်ပါ။
- စိုက်ခင်းအတွင်းရေမဝပ်စေရန် ရေနုတ်မြောင်းများထားပေးပါ။
- ရောဂါကျရောက်ပါက အခြားအပင်များကူးစက်မှုမရှိစေရန် Propiconazole (ပရိုပီကိုနာဇိုး)၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Mancozeb (မန်ကိုဇက်) စသော မှိုသတ်ဆေးများ ပက်ဖျန်းပါ။